## မာတိကာ


| | | |
|---|---|---|
| – | ဘာသာပြန်သူ၏ အမှာစကား | |
| – | ဖရန်ဆစ် ဖူကူယားမားရဲ့နောက်ထပ် [ကော်နဲ(လ)တက္ကသိုလ် ပုံနှိပ်ထုတ်ဝေရေးရဲ့ အမှာ] | |
| အခန်း (၁) | ပျောက်ဆုံးနေသော မျက်နှာစာများ | ၁၁ |
| – | နိုင်ငံတော် အခန်းကဏ္ဍ | ၁၇ |
| – | နယ်ပယ်နှင့် သန့်စွမ်းမှု | ၂၂ |
| – | နယ်ပယ်၊ သန့်စွမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု | ၃၂ |
| – | အဖွဲ့အစည်းဘောင်သွင်းခြင်း | ၄၀ |
| – | ရောင်းလိုအားဘက်မှ ဆန်းစစ်ခြင်း | ၄၃ |
| – | အဖွဲ့အစည်းဘောင်သွင်းရေးပညာ၏ ရွှေ့ပြောင်းနိုင်စွမ်း | ၅၅ |
| – | ဝယ်လိုအားဘက်မှ ဆန်းစစ်ခြင်း | ၅၈ |
| – | ဆေးအတွက် လေး | ၆၄ |
| အခန်း (၂) | အားနည်းသော နိုင်ငံများအရေးနှင့် နိုင်ငံတကာ တရားဝင်ဖြစ်မှု | ၆၉ |
| – | အင်ပါယာသစ် | ၇၅ |
| – | မှုန်ဝါးလာသော ဝက်စဖေးလီးယား | ၇၉ |
| – | နိုင်ငံပြုရေး အတွေ့အကြုံများ | ၈၂ |
| – | နိုင်ငံတကာဆက်ဆံရေးနှင့် တရားဝင်အခွင့်အာဏာ | ၉၁ |
| – | အမျိုးသားနိုင်ငံများကိုလွန်၍ | ၁၀၄ |
| အခန်း (၃) | ပို၍ငယ်သော၊ သို့သော် ပို၍သန်သော | ၁၁၃ |




## ဘာသာပြန်သူ၏ အမှာစကား

နိုင်ငံတကာ ပညာအသိုင်းအဝိုင်းက ၂၀ ရာစု၏နောက်ပိုင်း ဆယ်စုများကို 'ရေစီးကြောင်းများ ပြောင်းလဲချိန်' (Water Shed Era) ဟု ဝိဂြိုဟ်ပြုကြပါသည်။ ဤကာလအတွင်းမှာပင် ပညာရှင်အသီးသီး၏ စစ်တမ်းအမျိုးမျိုးလည်း အပြိုင်းအရိုင်းပေါ်ထွက်လာခဲ့သည်။ ဖရန်ဆစ် ဖူကူယားမားမှာ အဆိုပါပညာရှင်များထဲမှ တစ်ဦးဖြစ်ပါသည်။ သူ၏ ပထမဦးဆုံးစာအုပ် 'သမိုင်းနိဂုံး' (The End of History) မှ ယခုစာရေးသူ ဘာသာပြန်မည့်စာအုပ် 'နိုင်ငံတည်ဆောက်ရေး' (State Building) အထိ ဆိုလျှင် ဖူကူယားမား၏စာအုပ်ပေါင်း ငါးအုပ်ပင်ရှိပြီဖြစ်သည်။ သို့နှင့်တိုင် မြန်မာဘာသာပြန်ဆို၍ တစ်အုပ်မျှ မရှိသေးပါ။

ဆရာမောင်စူးစမ်း၊ ဆရာခင်မောင်အုန်း၊ ဆရာမောင်ကြည်သစ်စသော ဆရာကြီးများ၏ကျေးဇူးကြောင့် ဖူကူယားမားအပါအဝင် ပညာရှင်တော်တော်များများ၏ စာများကိုမူ အထိုက်အသင့်မြည်းစမ်းခွင့်ရခဲ့သည်။ ဤအတွက် ဆရာကြီးများကို ကျေးဇူးတင်ရပါသည်။ သို့သော် လောဘကြီးတတ်သော စာရေးသူမှာ ဤမျှနှင့် အားမရနိုင်ခဲ့ပါ။ မူရင်းစာအုပ်များကို အပြည့်အစုံ ဖတ်ရှုလေ့လာခွင့်ရလျှင် မည်မျှကောင်းလိုက်မည်နည်းဟု မကြာ မကြာ စိတ်ကူးယဉ်မိပါသည်။ ပြောရလျှင် ယခုစာစုမှာ အဆိုပါစိတ်ကူးကို မရဲတရဲ အကောင်အထည်ဖော်ကြည့်လိုက်ခြင်း ဖြစ်ပါသည်။



သို့နှင့်တိုင် လက်တွေ့အားထုတ်ကြည့်လိုက်သောအခါ စာရေးသူမှာ တောင်ကြီးကိုဖြိုဖို့ ကြံသော်လည်း ခါးမသန်သည့် ခါချဉ်ကောင်လိုဖြစ်နေရတော့သည်။ မူလစိတ်ကူးက အပြည့်အစုံ အတိအကျဘာသာပြန်မည်ဟု ရည်ရွယ်ထားသော်လည်း အခြေအနေအရ စိတ်လျှော့လိုက်ရသည်များရှိသည်။ အထူးသဖြင့် ယခုစာစုမှာ ကော်နဲ(လ)တက္ကသိုလ်ပို့ချချက်များဖြစ်ရာ အကြောင်းအရာက ဘာသာရပ်ဆန်လွန်းလှသည်။ ကျမ်းလေးသည်ဟု ဆိုနိုင်သည်။ လက်ရှိ မြန်မာစာဖတ်ပရိသတ်နှင့် အဟပ်ညီမည် ချိန်ဆရသည်များ ရှိလာသည်။ အခြေအနေအရ ဆုံးဖြတ်ရသည်များ ရှိလာသည်။ သို့ဖြင့် အတတ်နိုင်ဆုံး မူရင်းဆိုလိုချက်ကိုသာ ထိန်းသိမ်းပြီး အချို့ချန်လှပ်၊ အချို့ ဖြည့်စွက်ရင်းလင်း လုပ်လိုက်ရတော့သည်။ သည့်လိုနှင့် အခန်းတစ်ခန်း 'အားနည်းသောနိုင်ငံများနှင့် တွင်းမည်း ကြီးများ' ဆိုလျှင် လုံးဝပင် ချန်လှပ်ထားလိုက်ရသည်။ ဤအတွက် စာဖတ်သူမိတ်ဆွေများကို အနူးအညွတ်တောင်းပန်လိုပါသည်။

မည်သို့ပင်ဆိုစေ ပေးသမျှအခြေအနေတွင် မိမိစွမ်းသမျှ ကြိုးပမ်းကြည့်သော စာရေးသူကိုမူ နားလည်ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့်ရပါ၏။

ကျော်ဝင်း



## ဖရန်ဆစ် ဖူကူယားမားရဲ့ နောက်ထပ်
### [ကော်နဲ (လ) တက္ကသိုလ် ပုံနှိပ်ထုတ်ဝေရေးရဲ့အမှာ]

ဖရန်ဆစ် ဖူကူယားမားဆိုလျှင် သူ၏နာမည်ကျော် 'သမိုင်းနိဂုံး' အယူအဆနှင့်တွဲ၍ လူသိများပါလိမ့်မည်။ စစ်အေးတိုက်ပွဲ နေညိုချိန်ကပင် 'ဂလိုဘယ်အရင်းရှင်စနစ်နှင့် လစ်ဘရယ်ဒီမိုကရေစီတို့၏ အတက်ခရီးနှင့်အတူ သမိုင်းနိဂုံး (အိုင်ဒီအိုလိုဂျီတိုက်ပွဲ သမိုင်းနိဂုံး) သို့ ဦးတည်သွား လိမ့်မည်'ဟု နိမိတ်ဖတ်ထားခဲ့သည်။ ယခု သူ၏နောက်ဆုံးစာအုပ်တွင် 'နိုင်ငံ တည်ဆောက်ရေး'အကြောင်း ပြောလာရာ 'ဘာကြောင့်လဲ ဘယ်လိုလဲ' တွေးချင်စရာဖြစ်လိမ့်မည်ထင်သည်။

စင်စစ် ဖူကူယားမားကိုယ်တိုင်က သမိုင်းနိဂုံးဖြစ်စဉ်မှာ သူ့အလိုလိုနှင့် မြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာလိမ့်မည်ဟု ပြောခဲ့သည်တော့ မဟုတ်ပါ။ ဆန့်ကျင်ဘက်ပင် ကြာမည်၊ ကြမ်းမည်၊ စနစ်ကျနိုင်မာသော အဖွဲ့အစည်းများ တင်ကူးလိုအပ်လိမ့်ဦးမည်ဟု ခန့်မှန်းခဲ့သည်သာ ဖြစ်ပါသည်။ အကြောင်းမူ အားနည်းသော၊ အောင်မြင်မှုနှင့် အလှမ်းဝေးနေဆဲဖြစ်သော



နိုင်ငံများ၏အရေးမှာ မျက်မှောက်ကမ္ဘာရှိ ပြဿနာအတွေတွေ၏ ရေခံမြေခံဖြစ်နိုင်သောကြောင့်ဟု ဆိုပါသည်။ သို့နှင့်အမျှ ကျွန်ုပ်တို့သိပြီးကျွမ်းပြီးဟု ထင်ထားသည့်တိုင်၊ အမှန်တကယ် ဟုတ်ဟုတ်ညားညားမသိသေးသော ဘာသာရပ်တစ်ခုသို့ သုတေသနမှန်ပြောင်းလှည့်လာရတော့သည်။ 'နိုင်ငံတည်ဆောက်ရေး' ဖြစ်ပါသည်။

ယခုလောလောဆယ်တွင် ဖရန်ဆစ်ဖူကူယားမားမှာ ဂျွန်ဟော့(ပ)ကင်းတက္ကသိုလ် Paul H. Nictze အဆောင်မြင့် နိုင်ငံတကာလေ့လာရေးကျောင်းတွင် နိုင်ငံရေးသိပ္ပံပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူ၏ထင်ရှားသောကျမ်းများမှာ 'သမိုင်းနိဂုံး' (The End of History) 'ယုံကြည်မှု' (Trust)၊ 'မဟာပြိုကွဲမှု' (The Great Disruption) နှင့် 'ကျွန်ုပ်တို့၏ လူသားလွန်အနာဂတ်' (Our Posthuman Future) တို့ ဖြစ်ပါသည်။

ကော်နဲ(လ)တက္ကသိုလ်
ပုံနှိပ်ထုတ်ဝေရေး